**ဒဿနသမ္မဒါ**

**ဒဿန ဟူသည်**

၁။ အရိယသစ္စာကိုသိမြင်ခြင်း = ဒဿန

၂။ အနညာတညဿာမိ ဣန္ဒြေ = မသိဘူးသေးသောတရားကို သိမြင်ခြင်း ဣန္ဒြေ

၃။ မချစ်မနှစ်သက်တာကိုမြင်ရခြင်း = ဒုက္ခသစ္စာဒဿန

၄။ မင်္ဂလာဒဿန(ရူပါနံဒဿနံ) = ကောင်းသောအဆင်းကိုမြင်ရခြင်း ဒိဋ္ဌမင်္ဂလာ

၅။ နိရောဓကိုမြင်ခြင်း (နိရောဓော ဣတိ ဒဿနံ)

၆။ သောတာပတ္တိမဂ်ခဏ၌ အမြင် အလွန်စင်ကြယ်သည်။ (ဒဿနဝိသုဒ္ဓိ)

၇။ အနိစ္စတာစသည် ရှုမြင်သုံးသပ်မှု ဒဿန

၈။ စက္ခုဒဿန၊ ဉာဏဒဿန

၉။ ဉာတ၊ တီရဏ ပရိညာ ၂–ပါးကို ဒဿနခေါ်သည်

၁၀။ လက္ခဏဒဿန = လက္ခဏာရေးသုံးပါးကို ရှုမြင်ခြင်း

၁၁။ သစ္စာဘိသမယ = သစ္စာကိုထိုးထွင်းသိခြင်း

၁၂။ ယထာဘူတဉာဏ်၊ တရုဏဝိပဿနာတို့ကို ဒဿနခေါ်သည်

၁၃။ ခီဏာသဝ အာသဝေါကုန်ပြီးသော အရှင်တို့၏ ဒဿနသည် အလွန်စင်ကြယ်၏

၁၄။ ဆင်ရတနာ၊ မြင်းရတနာစသည်တို့ကို မြင်ရခြင်းသည် ဒဿနအစစ် မဟုတ်

၁၅။ ဒဿနံ အကုပ္ပါ မေ ဝိမုတ္တိ = ဗုဒ္ဓ၏ပစ္စဝေက္ခဏာဉာဏ်တော်ကို ဒဿနခေါ်သည်

၁၆။ သပ္ပစ္စယ၊ နာမရူပ(ဒဿန ၂–မျိုး) = အကြောင်းကိုရှုမြင်ခြင်း၊ နာမ်ရုပ်ကိုရှုမြင်ခြင်း

၁၇။ ဒါန၊ သီလ ဥပုသ်ကံတို့ဖြင့် ဒဿနကို လိုချင်တောင့်တ၏

၁၈။ နိစ္စ စသည်သို့ မကပ်ရအောင်ကျင့်ခြင်း ဒဿန

၁၉။ ဒိဋ္ဌိ စသည်ကို ဝေဘန်ပြတာ ဒဿန

၂၀။ မဇ္ဈိမပဋိပဒါ အစွမ်းဖြင့်ပြတာ ဒဿန

၂၁။ ကိလေသာကိုဖျက်ဆီးခြင်းငှာ စွမ်းနိုင်သည့်ဉာဏ် = ဒဿန